# သဗ္ဗေသင်္ခါရာနှင့် သဗ္ဗေဓမ္မာ တို့ကွာခြားမှု

( ၁ ) သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

( ၂ ) သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

( ၃ ) သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ (ထေရဂါထာ- ၃၁၇)

အလုံးစုံသော ကံ စိတ် ဥတု အာဟာရ အကြောင်းတရား လေးပါးတို့ သည် ပြုပြင်အပ်သော ရုပ် နာမ် နှစ်ပါး သင်္ခါရတရားတို့သည် အမြဲမရှိကုန်၊ ဆင်းရဲကုန်၏။
အလုံးစုံသော ပညတ်နိဗ္ဗာန်နှင့်တကွ သင်္ခါရတရားတို့သည် အတ္တကောင်မဟုတ်ကုန်ဟု ဝိပဿနာဥာဏ်ပညာဖြင့် သိမြင်၏။
ထိုသို့ သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ မပျော်နိုင်။
ဤသံသရာဝဋ်ဆင်းရဲ၌ မပျော်နိုင်ခြင်းသည် ကိလေသာအပူတို့မှ စင်ကြယ်ရာ နိဗ္ဗာန်ကို ရခြင်း၏အကြောင်းဖြစ်၏ဟု အရှင်ကောဏ္ဍညမထေရ်သည် မိန့်တော်မူ၏။ ။

ထေရဂါထာ အဋ္ဌကထာ( ၂၂၅) ၌
သဗ္ဗေသင်္ခါရာ ဟူသည် -
အာရုံ(၆)ပါးဖြင့် ပေါင်းယူအပ်သော ကာမဘုံ ရူပဘုံ အရူပဘုံ - ဘုံ(၃)ပါးလုံးမှာဖြစ်သော ဥပါဒါနက္ခန္ဓာတို့ကို ဆိုလိုသည်ဟု ဖွင့်ပြ၏။
သဗ္ဗေဓမ္မာ ဟူသည် -
ကာမဘုံ ရူပဘုံ အရူပဘုံ အဝတ္ထာဘုံ - ဘုံ(၄)ပါးလုံးမှာဖြစ်သော တရားအားလုံးတို့ကို ဆိုလိုသည်ဟု ဖွင့်ပြ၏။ ။
အဝတ္ထာဘုံဟူသည် -
လောကုတ္တရာစိတ် စေတသိက် နိဗ္ဗာန်တရားတို့ ဖြစ်သောအခိုက်အတန့်ကို အစွဲပြု၍ ဘုံဟုခေါ်ထား၏။ ဘုံအနေဖြင့် သီးသန့်မရှိပါ။
သဗ္ဗေဓမ္မာ- အလုံးစုံဘုံ(၄)ပါးတရားတို့သည်ဟု ဆိုထားသော်လည်း ဝိပဿနာရှုရမည့် တရားများကို မိန့်တော်မူရင်းဖြစ်၍ ကာမဘုံ ရူပဘုံ အရူပဘုံ - ဘုံ(၃)ပါးလုံးမှာဖြစ်သော စွဲလမ်းသော ဥပါဒါနက္ခန္ဓာ(၅)ပါးတို့ကို ယူရမည်ဟု- ထေရဂါထာ အဋ္ဌကထာ၌ ဆက်လက်ဖွင့်ပြထားသောကြောင့် သဗ္ဗေသင်္ခါရာနှင့် သဗ္ဗေဓမ္မာ တို့သည် အဓိပ္ပါယ်တူဟု မှတ်ယူနိုင်သည်။ ။

# အနိစ္စတရား ဒုက္ခတရားနှင့် အနတ္တတရားတို့ ကွာခြားမှု

အနိစ္စာ သဗ္ဗေ သင်္ခါရာ၊ ဒုက္ခာနတ္တာ စ သင်္ခတာ။
နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆယာ။ (ပရိဝါပါဠိတော် ၁၅၇)

အလုံးစုံသော ရုပ်နာမ် သင်္ခါရတရားတို့သည် အမြဲမရှိကုန်။
အလုံးစုံသော အဝိဇ္ဇာ တဏှာ ကံ အာဟာရစသော အကြောင်းတရားတို့ တရားတို့သည် ဆင်းရဲကုန်၏။ အတ္တလည်း မဟုတ်ကြကုန်။
အသင်္ခတဓာတ် နိဗ္ဗာန်သည်လည်းကောင်း နာမပညတ်သည်လည်းကောင်း၊ အနတ္တဟု ဆုံးဖြတ်အပ်ကုန်၏။

ဤပါဠိတော်ဖြင့်- အဝိဇ္ဇာ တဏှာ ကံ အာဟာရစသော အကြောင်းတရား တို့ ပြုစီမံအပ်သော လောကီစိတ် စေတသိက် ရုပ်တရားတို့သည် အနိစ္စတရား ဒုက္ခတရားတို့ဖြစ်ကြ၏။ အနတ္တတရားလည်းဖြစ်၏။

ပရမတ္ထအားဖြင့် ထင်ရှားမရှိသော နာမပညတ်သည် -
အဝိဇ္ဇာ တဏှာ ကံ အာဟာရစသော အကြောင်းတရားတို့ မပြုစီမံအပ်သော အသင်္ခတတရားအဖြစ်ဖြင့် တူသည်၏အဖြစ်ကြောင့် (ပရမတ္ထအားဖြင့် ထင်ရှား ရှိသော လောကုတ္တရာ စိတ် စေတသိက်) နိဗ္ဗာန်နှင့်အတူ အနတ္တဖြစ်သည်ဟု ဟောထား၏။

အကျဉ်းချုပ်ရလျှင်

လောကီစိတ် စေတသိက် ရုပ်(သင်္ခါရ)တရားတို့သည် -
အဝိဇ္ဇာ တဏှာ ကံ အာဟာရစသော အကြောင်းတရားတို့ ပြုစီမံအပ်သောတရားတို့ ဖြစ်၍ အနိစ္စ တရား ဒုက္ခတရားတို့ဖြစ်ကြ၏။
လောကီစိတ် စေတသိက် ရုပ်(သင်္ခါရ)တရားတို့သည်- သင်္ခတတရားဖြစ်၍ အနတ္တဖြစ်၏။
လောကုတ္တရာ စိတ် စေတသိက် နိဗ္ဗာန် နာမပညတ်တို့သည် - အသင်္ခတတရားဖြစ်၍ အနတ္တဖြစ်၏။

သင်္ခတဖြစ်စေ အသင်္ခတဖြစ်စေ စိတ် စေတသိက် ရုပ် နိဗ္ဗာန် ပညတ် တရားအလုံးစုံတို့သည် အနတ္တဖြစ်ကြ၏။ ။